MYANMAR YOUNG ENTREPRENEURS ASSOCIATION

# NEWSLETTER

JANUARY - 2021 Issue 4

MYEA ၏နာယက ဝဏ္ဏကျော်ထင်၊စည်သူဦးအောင်ကိုဝင်း (Chairman Emeritus of KBZ Group/KBZ Bank) အား

## နိုင်ငံတော်မှ ပြည်ထောင်စုစည်သူ သင်္ဂဟာဘွဲ့တစ်ခုဖြစ်သည့် “သရေစည်သူဘွဲ့”ကို ဂုဏ်ပြုချီးမြှင့်ပေးအပ်






MYEA ဥက္ကဋ္ဌ ဒေါက်တာအောင်သူရ၏ နှစ်သစ်ကူးဆုတောင်းစကား

MYEA ၏နာယက ဝဏ္ဏကျော်ထင်၊ စည်သူ၊ သရေစည်သူ ဦးအောင်ကိုဝင်းအတွက် လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

MYEA ၏ဒုတိယဥက္ကဋ္ဌဟောင်းနှင့် Alumni Memberဖြစ်သူ ဦးဇေယျသူရမွန်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

MYEA Member Benefit Program WELCOME

MYEA အသင်းဝင်များအတွက် သီးသန့် အထူးလျှော့ဈေးများဖြင့် အကြိမ်အရေအတွက် အကန့်အသတ်မရှိ အသုံးပြုနိုင်မည့် Member Benefit Program

## ENTREPRENEURS EXCLUSIVE INTERVIEW



**ဦးကျော်ဇေယျ (ခ) ကိုချစ်**

**Founder & Group CEO,**
Mandalay Communication Group

Public Relations Committee (Co-Chair, MYEA)

MYEA

# “ဥက္ကဋ္ဌဒေါက်တာအောင်သူရ၏ နှစ်သစ်ကူးဆုတောင်းစကား”

“၂၀၂၁ နှစ်သစ်ကူး အခါသမယမှာ တိုင်းရင်းသားပြည်သူများ၊ MYEA အသင်းဝင်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပြီး ကိုယ်ရောစိတ်ပါ ကျန်းမာ၊ လန်းဖြာကြပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက် အပ်ပါတယ်။

ပြီးခဲ့တဲ့ ၂၀၂၀ ကတော့ ကမ္ဘာတစ်ဝန်းရင်ဆိုင်ကြုံတွေ့နေရတဲ့ ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ကြောင့် စီးပွားရေး၊ ကျန်းမာရေးနဲ့ လူမှုရေးကိစ္စရပ်တွေမှာ ခက်ခက်ခဲခဲနဲ့ ဖြတ်သန်းခဲ့ရတဲ့ နှစ်ကာလအပိုင်းအခြားတစ်ခုဖြစ်ခဲ့ပေမယ့် ယခု ၂၀၂၁ နှစ်သစ်ရဲ့ များမကြာတော့တဲ့ကာလမှာ အခက်အခဲအားလုံးကို တွန်းလှန်ကျော်ဖြတ်နိုင်လိမ့်မယ်လို့ မျှော်လင့်မိပါတယ်။

အသင်းအနေနဲ့လည်း အသင်းဝင်များအတွက် ကိုဗစ်-၁၉ ရောဂါကြောင့် စီးပွားရေး မပြိုကွဲ၊ မယိုင်လဲအောင်၊ ထိခိုက်မှုအနည်းဆုံးဖြစ်အောင် အကောင်းဆုံးထောက်ပံ့ပေးနိုင်မယ့်အစီအစဉ်တွေနဲ့ တစ်နှစ်ပတ်လုံး ကြိုးစားအားထုတ်ခဲ့ပါတယ်။ ကိုဗစ်-၁၉ ကာလဖြစ်လို့ ယခင်လို ပွဲအခမ်းအနားတွေကျင်းပ ပြုလုပ်ကာ အသင်းဝင်အချင်းချင်းဆုံတွေ့ပြီး မပြုလုပ်နိုင်ခဲ့ပေမယ့် Virtual System အသုံးပြုကာ 7th Annual General Meeting ကျင်းပနိုင်ခဲ့ခြင်း၊ အသင်းဝင်များ ကိုဗစ်ကာလမှာရင်ဆိုင်နေရတဲ့အခက်အခဲတွေအတွက် အထောက်အကူပြုနိုင်ဖို့ရန်အလို့ငှာ နယ်ပယ်အသီးသီးမှ ထင်ရှားသူများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ ပါဝင်ဆွေးနွေးဝေမျှတဲ့ (Myanmar Entrepreneurs Roadmap-Amid Covid-19) Webinar Series များ အပတ်စဉ် ထုတ်လွှင့်တင်ဆက်ခဲ့ခြင်းအပြင် အသင်းဝင်များ ရင်းနှီးနွေးထွေးစွာဆုံတွေ့နိုင်ရန်အတွက် Virtual Networking Events များလည်း စီစဉ်ကျင်းပနိုင်ခဲ့ပါတယ်။



နောင်လာမယ့်နှစ်သစ်များတွင်လည်း အသင်းချုပ်နှင့်ညီနောင်တိုင်း/ပြည်နယ်အသင်းခွဲများအတွက် တောင့်တင်းခိုင်မာကာ စည်းစနစ်ကျနပြီး ကျစ်လစ်ခိုင်ခံ့တဲ့ ဖွဲ့စည်းပုံအသစ်ကို ရေးဆွဲပြီးဖြစ်နေသလို၊ အသင်းဝင်တစ်ဦးချင်းစီအတွက်ပိုမိုကောင်းမွန်တဲ့အကျိုးခံစားခွင့်တွေရရှိအောင် ကြိုးစားဆောင်ရွက်နေကြောင်း ပြောကြားလိုပါတယ်။

MYEA အသင်းဝင်များ အနေဖြင့်လည်း ကိုဗစ်-၁၉ ကပ်ရောဂါကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် လမ်းညွှန်ချက်များနှင့်အညီ အတူတကွညီညွတ်စွာ ပူးပေါင်းပါဝင်ပြီးတွန်းလှန်ကျော်ဖြတ်ရင်း အသင်းနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေမှာတစ်ထောင့်တစ်နေရာကနေ အားဖြည့်ပါဝင်ဆောင်ရွက်နိုင်ကြပါစေကြောင်း ထပ်ဆင့်ဆုမွန်ကောင်း တောင်းအပ်ပါတယ်”

ARYEA MSYEA SSYEA



MYEA
မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း (MYEA)
MYANMAR YOUNG ENTREPRENEURS ASSOCIATION
NEWSLETTER
JANUARY - 2021

# မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း (MYEA) ၏ Virtual Christmas & Year End Party ကျင်းပပြုလုပ်

မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း (MYEA) ၏ လစဉ်ကျင်းပပြုလုပ်နေကျဖြစ်သည့် Virtual Networking Event အား Christmas & Year End အချိန်အခါနှင့် ကိုက်ညီနေသည့်အတွက် Virtual Christmas & Year End Party အမည်ဖြင့် ပြီးခဲ့သည့် (၁၉-၁၂-၂၀၂၀) စနေနေ့ ညနေ (၆) နာရီတွင် စတင်ကျင်းပပြုလုပ်ခဲ့ပါသည်။ Virtual Event သို့ ကြိုတင်စာရင်းပေးသွင်းထားသည့် အသင်းဝင်များ စုံညီစွာတက်ရောက်ခဲ့ကြပြီး ထူးခြားသည့် အစီအစဉ်များစွာဖြင့် ပျော်ရွှင်ညီညွတ်စွာဆင်နွှဲခဲ့ကြပါသည်။

Event ၏ အခမ်းအနားမှူးအဖြစ် ဦးကောင်းငြိမ်းစိုး (EC-MYEA) မှ ဆောင်ရွက်ပေးခဲ့ပြီး အခမ်းအနားအစပိုင်းတွင် MYEA ဥက္ကဋ္ဌဒေါက်တာအောင်သူရမှ အဖွင့်အမှာစကားပြောကြားခြင်းနှင့် ဦးအောင်ကိုဝင်း (Chairman Emeritus of KBZ Group/KBZ Bank) မှ ပေးပို့လာသည့် သဝဏ်လွှာအား ဖတ်ကြားတင်ပြခဲ့ပါသည်။

ထို့နောက် Special Guest အနေဖြင့် ဖိတ်ကြားထားသည့်တေးသံရှင်ဘီလီလမင်းအေးမှ ခရစ္စမတ်တေးသီချင်းများဖြင့် စတင်ဖျော်ဖြေခဲ့ပြီး Special Guest နောက်တစ်ဦးဖြစ်သည့် ရုပ်ရှင်၊ ဂီတအနုပညာရှင် စိုင်းစိုင်းခမ်းလှိုင်နှင့်အတူ အသင်းဝင်များ၏ Chit Chat အစီအစဉ်လည်း ပါဝင်ခဲ့ပါသည်။

ဆက်လက်၍ Breakout Rooms ဖြင့် အဖွဲ့လိုက် စုပေါင်းအဖြေရှာသည့် ဂိမ်းအစီအစဉ်များ၊ Party King & Queen ရွေးချယ်ခြင်း၊ Lucky Draw များ မဲဖောက်ပေးခြင်း၊ Photo Contest အစီအစဉ်နှင့် အသင်းဝင်များတေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ခြင်းအစီအစဉ်များကို ကျင်းပခဲ့ပြီး Virtual Event အား ည (၉း၃၀) အချိန်တွင် ပိတ်သိမ်းခဲ့ပါသည်။

မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း (MYEA)




















MYEA
မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း (MYEA)
MYANMAR YOUNG ENTREPRENEURS ASSOCIATION
NEWSLETTER
JANUARY - 2021



















# Virtual Christmas & Year End Party သို့ ပေးပို့လာသည့် MYEA နာယက ဝဏ္ဏကျော်ထင်၊ စည်သူ၊ သရေစည်သူ ဦးအောင်ကိုဝင်း၏ နှုတ်ခွန်းဆက်မင်္ဂလာစကား

အခုလိုမင်္ဂလာရှိသောနေ့တွင် မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း (MYEA) ၏ နှစ်ပတ်လည်နေ့နှင့် နှစ်သစ်ကူးနေ့အခါသမယ၌ နှုတ်ခွန်းဆက်မင်္ဂလာစကားကိုယ်တိုင်တက်ရောက် ပြောကြားလိုသော်လည်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေချိန်ကာလဖြစ်သောကြောင့် အဝေးရောက်သဝဏ်လွှာကိုသာ ပေးပို့ရခြင်းဖြစ်ပါသည်။

ယခုအချိန်ကာလသည် တစ်ကမ္ဘာလုံးကိုဗစ်-၁၉ ကပ်ရောဂါနှင့် ရင်ဆိုင်ကြုံတွေ့နေရသည့်ကာလဖြစ်ပြီး၊ မိမိတို့နိုင်ငံအနေနှင့်လည်း ကပ်ရောဂါဘေးမှကျော်လွှားနိုင်ရန် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များချမှတ်ပြီး အရှိန်အဟုန်မြှင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ မိမိအနေနှင့်လည်း နိုင်ငံတော်နှင့်အတူ လက်တွဲ၍ နေ့မအား၊ ညမနား၊ အဖက်အဖက်မှ ကိုယ်တိုင်ကိုယ်ကျပါဝင်ကာ ငွေအား၊ လူအားဖြင့် ပြည်သူများအတွက် တတ်စွမ်းသမျှ အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ဆောင်ရွက်ခဲ့ရာတွင် ရောဂါမဖြစ်ပွားမီ ဖေဖော်ဝါရီလမှစတင်ကာ ယနေ့အချိန်ထိ ငွေကျပ် (၁၁.၂) ဘီလီယံကျော်လှူဒါန်းခဲ့ပြီး ဆက်လက်၍လည်း လိုအပ်သည့်အချိန်၊ လိုအပ်သည့်နေရာ၊ လိုအပ်သည်များကို ကူညီဖြည့်ဆည်းလှူဒါန်းသွားမည် ဖြစ်ပါသည်။ ထို့အတူ ကိုဗစ်-၁၉ ကူးစက်မြန့်ကမ္ဘာ့ကပ်ရောဂါဘေးမှ ကျော်လွှားနိုင်ရန် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရောဂါကာကွယ်ဆေးရရှိထိုးနှံနိုင်ရေးသည် အလွန်အရေးကြီးပါသည်။ ကမ္ဘာ့အင်အားကြီး နိုင်ငံများမှာဆိုလျှင် ၎င်းတို့၏ပြည်သူပြည်သားများသည် ကာကွယ်ဆေးများ စတင်ထိုးနှံနေကြပြီဖြစ်ကြောင်း သိရှိရပါသည်။ မိမိတို့အနေဖြင့်လည်း မိမိနိုင်ငံသူနိုင်ငံသားများ အားလုံးရရှိထိုးနှံနိုင်စေဖို့ ဆက်လက်ကြိုးပမ်းလုပ်ဆောင်သွားကြရမည်ဖြစ်ပါသည်။

ယခုအခါ နိုင်ငံတော်အနေဖြင့် မိမိနိုင်ငံသူနိုင်ငံသားများ၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ ငြိမ်းချမ်းရေး၊ ဘာသာရေးစသည်တို့သာ

မက ဘက်စုံဖွံ့ဖြိုးတိုးတက်သော ခေတ်မီနိုင်ငံတော်အဖြစ် ကြိုးပမ်းအကောင်အထည်ဖော်တည်ဆောက်လျက်ရှိနေချိန်တွင် ယနေ့စွန့်ဦးတီထွင်လူငယ်များသည် နိုင်ငံတော်က ချမှတ်ထားသည့် လုပ်ငန်းလမ်းညွှန်ချက်များနှင့်အညီ တက်တက်ကြွကြွပါဝင်ဆောင်ရွက်နိုင်ဖို့ အထူးလိုအပ်လှပါသည်။

ထိုမျှမက ယခုလိုအချိန်ကာလတွင် နိုင်ငံတော်အကြီးအကဲများအနေဖြင့် ကိုဗစ်-၁၉ ကူးစက်မြန်ရောဂါကို လျှင်မြန်စွာတွန်းလှန်ကျော်လွှားနိုင်ရန် ထိရောက်မှန်ကန်သောအစီအမံများချမှတ်ပြီး၊ ဦးဆောင်ဦးရွက်ပြုအားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိနေရာ ပြည်သူများအပါအဝင် ယနေ့ စွန့်ဦးတီထွင်လူငယ်များသည်လည်း နိုးကြားတက်ကြွသော အမျိုးသားရေးစိတ်ဓာတ်အပြည့်ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြမည်ဆိုပါက မကြာသောအချိန်ကာလတွင် ဘက်စုံဖွံ့ဖြိုးတိုးတက်သော ခေတ်မီနိုင်ငံတော်ကြီးကို လျှင်မြန်စွာတည်ဆောက်နိုင်လိမ့်မည်ဟု ယုံကြည်မိပါသည်။

ထို့ကြောင့် စွန့်ဦးတီထွင်လူငယ်များအနေနှင့် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာသန်စွမ်း နေဖို့၊ ဖျတ်လတ်တက်ကြွလန်းဆန်းနေစေဖို့လိုပါသည်။ သို့မှသာ နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးစီးပွားကို စွမ်းစွမ်းတမံကူညီဖြည့်ဆည်းလုပ်ဆောင်ပေးနိုင်မည်ဖြစ်ပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်သည့် ခေတ်မီနိုင်ငံတော်ကြီးတည်ဆောက်ရေးလုပ်ငန်းစဉ်များတွင်လည်း နိုင်ငံတော်အကြီးအကဲများ၏မူဝါဒ၊ လမ်းညွှန်မှုများနှင့်အညီ စွမ်းဆောင်ရည်ပြည့်ဝစွာဖြင့် ပါဝင်ကူညီ ကြိုးပမ်းလုပ်ဆောင်နိုင်ကြလိမ့်မည် ဖြစ်ပါသည်။

ဆက်လက်၍ စွန့်ဦးတီထွင်လူငယ်များအနေဖြင့် စိန်ခေါ်မှုများကို အောင်မြင်စွာကျော်ဖြတ်နိုင်ကြပါစေ။ တစ်ဖက်မှာလည်း စီးပွားရေး



အပါအဝင် နယ်ပယ်အသီးသီးတွင် လုပ်ငန်းများအောင်မြင်လာသည်နှင့်အမျှ နိုင်ငံတော်နှင့်ပြည်သူ့အကျိုးပြုလုပ်ငန်းများမှာ စွမ်းစွမ်းတမံပါဝင်ထမ်းရွက်နိုင်ကြသည့်၊ ပြည်သူ့အကျိုးသယ်ပိုးရွက်ဆောင်နိုင်သည့်၊ စီးပွားရေးနှင့် လူမှုရေးလုပ်ငန်းများမှာ နိုင်ငံတော်က အားကိုးအားထားပြုရသည့် နိုင်ငံ့ခေါင်းဆောင်များ ဖြစ်ကြပါစေ။ နိုင်ငံတော်နှင့်ပြည်သူများက အားကိုးဂုဏ်ယူရသည့် စွန့်ဦးတီထွင်လုပ်ငန်းရှင်ကြီးများ ဖြစ်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းများ မကြာမီကာလတွင် ကမ္ဘာနှင့် ရင်ဘောင်တန်းနိုင်သည့် ဘက်စုံဖွံ့ဖြိုးတိုးတက်သော ခေတ်မီနိုင်ငံတော်ကြီး အမြန်ဆုံးတည်ဆောက်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်းပြောကြားရင်း နိဂုံးချုပ်လိုက်ပါသည်။

❑ ❑ ❑



MYEA
မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း (MYEA)
MYANMAR YOUNG ENTREPRENEURS ASSOCIATION
NEWSLETTER
JANUARY - 2021

## MYEA Virtaul Christmas & Year End Party

## ကျေးဇူးတင်လွှာ

မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း (MYEA)၏ လစဉ်ကျင်းပပြုလုပ်နေကျဖြစ်သည့် Virtual Networking Event အား "Virtual Christmas & Year End Party" အမည်ဖြင့် ထူးခြားပြီး ပျော်ရွှင်ဖွယ် စီစဉ်ကျင်းပနိုင်ရန် အဖက်ဖက်မှ ဝိုင်းဝန်းကူညီပံ့ပိုးကြသည့် MYEA ဥက္ကဋ္ဌ ဒေါက်တာအောင်သူရ၊ အထွေထွေအတွင်းရေးမှူးချုပ် ဦးဝင်းထက်မောင်မောင်၊ တိုင်း/ပြည်နယ်အသင်းများမှ ဥက္ကဋ္ဌများဖြစ်ကြသည့် ဦးထွန်းဇော်ဇင်း (President - ARYEA), ဒေါ်သင်းသင်းကျော် (President – MRYEA), ဦးရည်ဟိန်းကို (Acting President – MSYEA), ဦးစိုင်းမြင့်ဌေး (President - SSYEA), ဦးသန်းထိုက်လွင်@ Alan (President - YRYEA)၊ Public Relations Committee မှ Chair ဦးဖြိုးမင်းမင်း၊ PR Co-Chair ဦးကျော်ဇေယျ @ Ko Jeep, PR-Secretary များဖြစ်ကြသော ကိုချမ်းမြေ့ကိုနှင့် မချစ်စုဟန်၊ အခမ်းအနားအစီအစဉ် ရေးဆွဲရေးအတွက် အဓိကကူညီပေးပါသော မဖူးရွှေရည် (RP Committee Member)၊ ဆန်းပြားသောအကြံဉာဏ်ကောင်းများပေးဖန်တီးပေးကာ အခမ်းအနားမှူးအဖြစ်ပါဝင်ဆောင်ရွက်ပေးခဲ့ပါသော ဦးကောင်းငြိမ်းစိုး (EC-MYEA)၊ အဖက်ဖက်မှဝိုင်းဝန်းကူညီပံ့ပိုးပေးကြသော PR Committee အသင်းသားများ၊ အချိန်ပေးတက်ရောက်ကြသော MYEA အသင်းသူ၊ အသင်းသားများနှင့် အထူးဧည့်သည့်အဖြစ်တက်ရောက်ဆင်နွှဲခဲ့သည့် ရုပ်ရှင်၊ ဂီတ အနုပညာရှင် စိုင်းစိုင်းခမ်းလှိုင်၊ တေးသံရှင် ဘီလီလမင်းအေးတို့အားလည်း အထူးပင်ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ထို့အပြင်"Virtual Christmas & Year End Party" အောင်မြင်စွာကျင်းပနိုင်ရန် အဓိက ကူညီပံ့ပိုးပေးပါသော **Main Sponsor - KBZ Bank**, Supporting Sponsors - Toyo Battery, တောင်ကြီးစားသောက်ကုန်၊ Vanguard Engineering Solution, ဝုန်းဝမ်းတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး(တောင်ကြီး)၊ Padamyar Hospital (Taung Gyi), Tokyo Pipe နှင့် Lucky Draw Sponsor များဖြစ်ကြသည့် "ict.com.mm", "ပါလေရာစားသောက်ကုန်", "Inle Silk & Lotus", "TRISA Complete Care Mouthwash", "Green Box Wooden Toys & Accessories", "ကျားခေါင်းဆန်စက်", "My Bird's Nest" တို့ကိုလည်း အထူးပင် ကျေးဇူးဥပကာရ တင်ရှိပါသည်။

MAIN SPONSOR

SUPPORTING SPONSORS

# မြန်မာ့ရုပ်မြင်သံကြား၏ "ဒစ်ဂျစ်တယ် စီးပွားရေး"အစီအစဉ်တွင် မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း (MYEA) ၏ ဥက္ကဋ္ဌ ဒေါက်တာအောင်သူရ ပါဝင်ဆွေးနွေး







မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း (MYEA) ၏ ဥက္ကဋ္ဌဒေါက်တာအောင်သူရသည် မြန်မာ့ရုပ်မြင်သံကြားတွင် အပတ်စဉ်ထုတ်လွှင့်နေကျဖြစ်သော "ဒစ်ဂျစ်တယ်စီးပွားရေး"အစီအစဉ်၏ဒီဇင်ဘာလ (၃၀) ရက်၊ ညနေပိုင်းထုတ်လွှင့်ခဲ့သည့် အစီအစဉ်တွင် ပါဝင်ဆွေးနွေးခဲ့ပါသည်။

ယင်း "ဒစ်ဂျစ်တယ်စီးပွားရေး"အစီအစဉ်တွင် စီးပွားရေးလုပ်ငန်းတစ်ခု စတင်လုပ်ကိုင်တော့မည်ဆိုလျှင် ရရှိနိုင်မည့် ပံ့ပိုးကူညီမှုများနှင့် စုပေါင်းဆောင်ရွက်မှုစနစ်ကို မည်သို့အသုံးပြုပြီး ပြဿနာတွေကို မည်သို့၊ မည်ပုံဖြေရှင်းနိုင်မည်နည်း စသည့်အကြောင်းအရာများကို MYEA ဥက္ကဋ္ဌဒေါက်တာအောင်သူရနှင့်အတူ ဦးအောင်ကိုကိုသက် (Founder & CEO-ThaMarDaw) တို့မှ ပါဝင်ဆွေးနွေးခဲ့ခြင်းဖြစ်ပါသည်။

ပြီးခဲ့သည့် ဒီဇင်ဘာလ (၃)ရက်နေ့ ညနေပိုင်းတွင်ထုတ်လွှင့်ခဲ့သည့် ဒစ်ဂျစ်တယ်စီးပွားရေး၏အစီအစဉ်တွင် MYEA အထွေထွေအတွင်းရေးမှူး ဦးဝင်းထက်မောင်မောင်မှလည်း ပါဝင်ဆွေးနွေးခဲ့ပါသည်။

မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်
လုပ်ငန်းရှင်များအသင်း (MYEA)

---

MYEA

**VISION**

To be the **leading**, **recognized** institution of empowerment of young entrepreneurs in Myanmar





# MYEA ၏ နာယက ဝဏ္ဏကျော်ထင်၊ စည်သူ ဦးအောင်ကိုဝင်း (Chairman Emeritus of KBZ Group/KBZ Bank) အား နိုင်ငံတော်မှ ပြည်ထောင်စုစည်သူ သင်္ဂဟဘွဲ့တစ်ခုဖြစ်သည့် "သရေစည်သူဘွဲ့"ကို ဂုဏ်ပြုချီးမြှင့်ပေးအပ်

၂၀၂၁ ခုနှစ်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားအား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သဘင်ဆောင်တွင် ဇန်နဝါရီလ (၄) ရက်နေ့၊ နံနက် (၉) နာရီကကျင်းပခဲ့ရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က MYEA ၏နာယက ဦးအောင်ကိုဝင်း (Chairman Emeritus of KBZ Group/KBZ Bank) အား "သရေစည်သူဘွဲ့"ကို ပေးအပ်ချီးမြှင့်ခဲ့ပါသည်။ ဦးအောင်ကိုဝင်းသည် နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန်ကို "ပထမ" နေရာမှ ဝင်ငွေခွန်အများဆုံး (၈) ထပ်ကွမ်းထမ်းဆောင်ခဲ့ခြင်း၊ နိုင်ငံတော်နှင့် ပြည်သူအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လူမျိုးမရွေး၊ ဘာသာမရွေး၊ နေရာဒေသမရွေးတွင် ကျပ်ငွေ (၁၈၀) ဘီလီယံကျော်အထိ သဒ္ဓါထက်သန်စွာ လှူဒါန်းခဲ့ခြင်းစသည်တို့ကြောင့် မြန်မာနိုင်ငံသမိုင်းတွင် အရပ်ဘက်ဆိုင်ရာစီးပွားရေးလုပ်ငန်းရှင်များအနက် ပထမဆုံးနှင့်အမြင့်ဆုံးဖြစ်သည့်"သရေစည်သူဘွဲ့"ကို ချီးမြှင့်ခံရခြင်းဖြစ်ပါသည်။



ဦးအောင်ကိုဝင်း ပေးအပ်ချီးမြှင့်ခြင်းခံရသော "သရေစည်သူ" ဘွဲ့ (Pyidaungsu Sithu Thingaha, Order of the Republic of the Union of Myanmar) သည် နိုင်ငံတော်နှင့် ပြည်သူအတွက် စွမ်းစွမ်းတမံဆောင်ရွက်ချက်ရှိသော အရပ်ဘက်နှင့် တပ်ဘက်ဆိုင်ရာပုဂ္ဂိုလ်ကိုသာ ရွေးချယ်ချီးမြှင့်သည့် "ပြည်ထောင်စုစည်သူသင်္ဂဟဂုဏ်ထူးဆောင်ဘွဲ့"ဖြစ်ပါသည်။



မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်
လုပ်ငန်းရှင်များအသင်း (MYEA)



## MYEA Main Objective

**"To empower young entrepreneurs and assist in creating a vibrant entrepreneurship ecosystem in Myanmar"**

# အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀) ရေးဆွဲရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးပွဲ (Virtual Meeting) သို့ MYEA ဒုတိယ ဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ တက်ရောက်







ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၂၃) ရေးဆွဲရေးအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ညှိနှိုင်းအစည်းအဝေးကို Virtual Meeting ဖြင့် ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၂၈) ရက်နေ့ နံနက် (၉ :၃၀) တွင် စတင်ကျင်းပပြုလုပ်ခဲ့ပါသည်။ ယင်း Virtual Meeting သို့ MYEA ကိုယ်စားပြုအနေဖြင့် အသင်း၏ ဒုတိယဥက္ကဋ္ဌဖြစ်သူ ဒေါ်အေးမြတ်မြတ်သူ၊ အထွေထွေအတွင်းရေးမှူး ဦးဝင်းထက်မောင်မောင်နှင့် အလုပ်အမှုဆောင်အချို့ တက်ရောက်ဆွေးနွေးခဲ့ကြပြီး အစည်းအဝေးအား နေ့လည်ပိုင်းတွင် ရပ်နားခဲ့ကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်
လုပ်ငန်းရှင်များအသင်း (MYEA)



MYEA မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း (MYEA)
MYANMAR YOUNG ENTREPRENEURS ASSOCIATION NEWSLETTER JANUARY - 2021

# MYEA နှင့် MHR Management Institute တို့ ပူးပေါင်းစီစဉ်တင်ဆက်သည့် "Building Resilience in Uncertain Times" Panel Discussion

MYEA နှင့် MHR Management Institute တို့ ပူးပေါင်းစီစဉ်တင်ဆက်သည့် "Building Resilience in Uncertain Times" Panel Discussion အား ဒီဇင်ဘာလ (၂၇) ရက်၊ တနင်္ဂနွေနေ့၊ နေ့လည် (၃) နာရီမှ (၅) နာရီအထိ Zoom Webinar ဖြင့် MYEA Facebook Page , MHR Facebook Page နှင့် Htun Htun Naing (Entrepreneur) Page တို့တွင် Live လွှင့်ခဲ့ပါသည်။

ယင်း Live Discussion တွင် Covid -19 ကြောင့် ကမ္ဘာတစ်ဝှမ်းတွင် အခက်အခဲတွေ အနှောင့်အယှက်တွေကို ရင်ဆိုင်ကြုံတွေ့နေရချိန်တွင် မသေချာမရေရာသည့်အခြေအနေများတွင် ခံနိုင်ရည်ရှိရန်နှင့် တောင့်ခံနိုင်ရန်လည်း အရေးကြီးသဖြင့် စိတ်ဓာတ်မကျဘဲ ခံနိုင်စွမ်းရည်တွေကိုတည်ဆောက်မှုနှင့်ပတ်သက်သော အကြောင်းအရာများကို ဆွေးနွေးခဲ့ခြင်းဖြစ်ပါသည်။ Panel Discussion တွင် အထူးဖိတ်ကြားထားသောနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များဖြစ်ကြသည့် Panelist များအဖြစ်

- ❑ Dr. Zaw Naing - Managin Director (Mandalay Technology)၊
- ❑ U Htun Htun Naing - Chairman & Group CEO (Blue Ocean Investment) (Blue Ocean Operation Management) (Former President – MYEA)၊
- ❑ Daw Aye Myat Myat Thu - CEO & Founder(Myanmar Hand in Hand Marketing) (Vice President-MYEA) နှင့်
- ❑ Moderator အဖြစ် Daw Swe Zin Aye - Managing Director/Founder (MHR Management Institute) တို့မှ ပါဝင်ဆောင်ရွက်ခဲ့ကြပါသည်။

ယခု Panel Discussion အား တိုက်ရိုက် Facebook Live ထုတ်လွှင့်ပေးခဲ့သည့်အပြင် Zoom Webinar တွင် စိတ်ပါဝင်စားစွာဖြင့် ကြိုတင်စာရင်းပေးသွင်းထားသူများလည်း စုံလင်စွာ တက်ရောက်ခဲ့ကြပါသည်။

မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်
လုပ်ငန်းရှင်များအသင်း (MYEA)



Member Benefit Program Business Partners

MYEA Member Benefit Program WELCOME

Member Benefit Program Business Partners

MYEA အသင်းချုပ်မှ အသင်းဝင်များ၏ အကျိုးခံစားခွင့်များကို အမြဲဦးစားပေးစီစဉ်လျှက်ရှိသည့်အလျောက် ယခုအကြိမ်တွင်လည်း MYEA အသင်းဝင် (Active Members) များအတွက် (Member Benefit Program) တစ်ခုကို စီစဉ်ထားရှိပါသည်။

MYEA (Active Member) ဖြစ်ပါက အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အသီးသီးမှ ရရှိနိုင်သော ပညာသင်ဆုအကျိုးခံစားခွင့်၊ ကျန်းမာရေး၊ အဝတ်အထည်၊ လူသုံးကုန်ပစ္စည်းများ၊ လက်ဝတ်ရတနာများ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများ၊ စားသောက်ကုန်များ၊ နည်းပညာ၊ မိုဘိုင်းလ်ဖုန်းနှင့် ဆက်စပ်ဝန်ဆောင်မှုများ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများအပြင် ဝန်ဆောင်မှုလုပ်ငန်းမျိုးစုံတွင် အထူးခံစားခွင့် up to 25% အထိ (Special Discount) ရရှိမည်ဖြစ်ပါသည်။

Special Discount အကျိုးခံစားခွင့်ရရှိရန်အတွက် MYEA (အသင်းဝင်သက်တမ်းမကုန်ဆုံးသေးသော) Active Member ဖြစ်ရန်လိုအပ်ပါသည်။

ဖော်ပြပါကုန်အမှတ်တံဆိပ်များ၏ သတ်မှတ်ထားရှိသော သက်ဆိုင်ရာနေရာများတွင် MYEA Member Benefit Program Stand or Sticker ဖော်ပြထားရှိပေးမည်ဖြစ်ပြီး အသင်းဝင်များမှ အသင်းဝင်ကတ် (Active member card) အားပြသရုံဖြင့် အလွယ်တကူ အကျိုးခံစားခွင့်ရရှိနိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ Active Member ဖြစ်ရန် နှစ်စဉ်ကြေးပေးသွင်းပြီး MYEA မှ ပြုလုပ်ပေးသော Member Benefit Program များတွင် အကျိုးခံစားခွင့် အပြည့်အဝရယူနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ယခုလထုတ် Newsletter တွင် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်များတွင် အသင်းဝင်များ ရရှိနိုင်မည့် Benefit များအား အသေးစိတ်ဖော်ပြထားရှိပါသည်။

1. Sense Capital Co.,Ltd
2. Pyei Sone Hein Company Limited
3. Dong Peng Myanmar - Yong Xin Group
4. Matrix Institute of Professionals
5. Proven Technology Industry Co.,Ltd





Member Benefit Program Business Partners

MYEA Member Benefit Program WELCOME

Member Benefit Program Business Partners

## 1. Sense Capital Co.,Ltd

Founded in 2015 as a SAMSUNG official dealer. Distribution of Samsung Mobile & Tablets. Mainly focus on Display Solution Business. To become the reliable supplier of IT solutions electronic products and services for business in Myanmar. No.1 Display Solution Provider in Myanmar with good customer service, flexible and competitive price.

Discount - 5000 Ks discount on phone and tablets

SENSE CAPITAL

| SAMSUNG | PHILIPS | Unilumin |
|---|---|---|
| Video Wall | Video Wall | Indoor & Outdoor LED |
| Digital Signage | Digital Signage | LED Digital Poster |
| Mobile Phone & Tablets | Interactive Touch Screen | Xpossible Solution, |
| | | Connect, Concerige APPSTV |

## 2. Pyei Sone Hein Company Limited

ပြည့်စုံဟိန်းကုမ္ပဏီများအုပ်စုသည် မြန်မာအမျိုးသားပိုင်ကုမ္ပဏီအနေဖြင့် ၁၉၉၈ ခုနှစ်မှ စတင်၍တည်ထောင်ခဲ့ပြီး ပို့ကုန်သွင်းကုန်လုပ်ငန်းများ၊ သွင်းကုန်အစားထိုးကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၀၂ ခုနှစ်မှစတင်၍ သွင်းကုန်အစားထိုးအဖြစ် "ပိဿာ" "(Viss)" ယူနစ်ပါဝင်သော ပထမဆုံး Digital Weighing Scale (ဒစ်ဂျစ်တယ်ကတ္တား)ကို သွင်းကုန်အစားထိုးအဖြစ်ထုတ်လုပ်ခဲ့ပြီး ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (UMFCCI) မှ အသိအမှတ်ပြု၍ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ကုန်စည်ဒိုင်များတွင် "စံကတ္တား"အဖြစ် ကုမ္ပဏီမှ ပံ့ပိုးကူညီဆောင်ရွက်ခဲ့ပါသည်။

ကုမ္ပဏီအနေဖြင့် မြန်မာနိုင်ငံတစ်ဝန်းတွင် ရုံးခွဲ (၇) ရုံးဖွင့်လှစ်လျက်ရှိပြီး ဝန်ထမ်းအင်အား (၇၅) ယောက်ကျော်ဖြင့်လည်းကောင်း၊ အရောင်းကိုယ်စားလှယ်များဖြင့်လည်း မြို့နယ်ပေါင်း (၃၅)မြို့နယ်တို့တွင်လည်းကောင်း ဝန်ဆောင်မှုများပေးလျက်ရှိပြီး ယခုအခါ Digital Weighing Scale (ဒစ်ဂျစ်တယ်ကတ္တား) များထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ Software များ Develop ပြုလုပ်ခြင်း၊ လမ်းတံတားနှင့် သက်ဆိုင်သောပစ္စည်းများ၊ နည်းပညာများ၊ Software များ အထောက်အကူပြုပစ္စည်းများ တင်သွင်းထုတ်လုပ်တပ်ဆင် ဝန်ဆောင်မှုများပေးလျက်ရှိပါသည်။ နိုင်ငံတကာကုန်သွယ်မှုအနေဖြင့် ဂျပန်နိုင်ငံ၊ ဂျာမနီနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံ၊ စင်ကာပူနိုင်ငံတို့နှင့် လုပ်ဆောင်လျက်ရှိပါသည်။

ကုမ္ပဏီအနေဖြင့် နိုင်ငံတကာစံနှုန်းများနှင့်အညီ ခေတ်မီစက်ပစ္စည်းများနှင့် နည်းပညာများကို နိုင်ငံတကာရှိ အဆင့်မြင့် အမှတ်တံဆိပ်ကုမ္ပဏီများနှင့် ပူးပေါင်း၍ ပြည်တွင်းလိုအပ်ချက်များနှင့်အညီ နိုင်ငံတကာဈေးကွက်အတွင်း ပြည်တွင်းစီးပွားရေးလုပ်ငန်းများ ယှဉ်ပြိုင်ဆောင်ရွက်

နိုင်စေရန်ရည်ရွယ်၍ အကောင်းဆုံးဝန်ဆောင်မှုများ ပေးလျက်ရှိပါသည်။

ပြည့်စုံဟိန်းကုမ္ပဏီအနေဖြင့် ဒေသတွင်းယှဉ်ပြိုင်နိုင်သော စီးပွားရေးလုပ်ငန်းများ မြန်မာနိုင်ငံတွင် ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ပြီး ၂၀၀၈ခုနှစ်မှ စတင်၍ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့်အညီ ခေတ်မီလိုက်လျောညီထွေသော စက်သုံးဆီ၊ ဆီလုပ်ငန်းနှင့်သက်ဆိုင်သောစက်ပစ္စည်းများကို အမေရိကန်နိုင်ငံ၊ အင်္ဂလန်နိုင်ငံ၊ အီတလီနိုင်ငံ၊ ဆွီဒင်နိုင်ငံ၊ ဂျာမနီနိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ စက်ပစ္စည်းများနှင့် အထောက်အကူပြုပစ္စည်းများကို တင်သွင်းဖြန့်ဖြူးတပ်ဆင်၍ ဝန်ဆောင်မှုများပေးလျှက်ရှိသော ကုမ္ပဏီဖြစ်ပါသည်။

နောင်တွင်လည်း ဖွံ့ဖြိုးတိုးတက်လာဦးမည့် မြန်မာနိုင်ငံစီးပွားရေးလုပ်ငန်းများတွင် မိမိတို့နှင့်ပတ်သက်သောလုပ်ငန်းများ၌ ကုမ္ပဏီအနေဖြင့် ကောင်းမွန်ထိရောက်စွာ အထောက်အပံ့ပေးနိုင်ရန်အတွက် အရည်အသွေးမြင့်မားကောင်းမွန်သော နည်းပညာ၊ စက်ပစ္စည်းနှင့် ဝန်ဆောင်မှုများပေးနိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။




Discount – 5% discount for weighing scale below 30 lkhs values product

### 3. Dong Peng Myanmar - Yong Xin Group




20% Discount (Selected In-Stock Items)
Up to 10% Discount (Regular Items)

Dong Peng Myanmar - Yong Xin Group is the Exclusive Authorized Distributor of Dongpeng branded Marble+, Porcelain and Ceramic Tiles in Myanmar. Our specialised products are High Grade Porcelain Tiles and Air Purification Tiles. We have more than 3000 various designs, patterns and colors to choose with reasonable prices. Dongpeng products are used internationally in 5 star hotels, serviced apartments and hospitals and luxury homes. If you are looking for high quality tiles with modern designs, Dongpeng Myanmar welcomes to you visit us. Our opening hours are from Monday - Friday 9 am to 5 pm.



MYEA
မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း (MYEA)
MYANMAR YOUNG ENTREPRENEURS ASSOCIATION
NEWSLETTER
JANUARY - 2021

### 4. Matrix Institute of Professionals




Discount – 20% Off Matrix Certificate Course & Subscription Based Learning Plan

Founded on November 1, 2016, Matrix Institute of Professionals is a school of entrepreneurship and finance. The founders have a strong commitment to raise quality education in Myanmar, especially for continuing education and professional development. At Matrix, a learning and support environment is created for professionals to grow and advance their careers.

Matrix strives to be the first choice for learners, lecturers and corporate customers when it comes to entrepreneurship and finance education and services. Our school sets high standards and differentiate ourselves with Applied Learning Concepts for students, professionals and entrepreneurs. All our staff from top to bottom, are committed to support all our learners and alumni as our life-long partners. In addition, our SME and corporate advisory services act as a pillar for our customers to reach their ultimate business goals.

### 5. Proven Technology Industry Co.,Ltd




Discount for MYEA Member – 5%

Proven Technology Industry Company Limited (PTIC) is Myanmar's leading lead acid battery manufacturer for automotive, industrial-standby and specialized applications uses. Its TOYO and LION batteries are the brand leaders of Myanmar's automotive lead acid battery market.

Established in 1996, we are part of the Environmental Management system ISO:14001, Quality Management system ISO:9001 and Occupational Health and Safety Assessment Series OHSAS:18001 practices company. And also ASEAN - OSHNET best practices winner in 2016.

## မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း (MYEA)၏ နာယက
## “ဝဏ္ဏကျော်ထင်၊ စည်သူ၊ သရေစည်သူ ဦးအောင်ကိုဝင်း”
## အတွက်
## “လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း”



- ကမ္ဘောဇဘဏ်တည်ထောင်သူ နာယက၊ ဝဏ္ဏကျော်ထင်၊ စည်သူ၊ သရေစည်သူ ဦးအောင်ကိုဝင်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသမိုင်းတစ်လျှောက်တွင် နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန်ကို **“ပထမ”**နေရာမှ **(၈)ထပ်ကွမ်း** ဝင်ငွေခွန်အများဆုံးထမ်းဆောင်ခဲ့သည့် အခွန်ထမ်းပုဂ္ဂိုလ်အဖြစ် ချီးမြှင့်ခြင်းခံရသည့်အတွက်လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူမိပါသည်။
- ထို့အပြင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက် (လွတ်လပ်ရေးနေ့) ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၀) ဖြင့် အရပ်ဖက်ဆိုင်ရာလူပုဂ္ဂိုလ်များနှင့် စီးပွားရေးလုပ်ငန်းရှင်များတွင် ပထမဆုံး နှင့် အမြင့်ဆုံးပေးအပ်ချီးမြှင့်သည့် **ပြည်ထောင်စုစည်သူသင်္ဂဟဂုဏ်ထူးဆောင်ဘွဲ့ဖြစ်သည့် သရေစည်သူဘွဲ့**ကို နိုင်ငံတော်အစိုးရက ဂုဏ်ပြုပေးအပ် ချီးမြှင့်ခံရခြင်း။
- အာဆီယံအဖွဲ့အစည်းကြီး၏ နှစ်(၅၀)ပြည့်အထိမ်းအမှတ်အဖြစ် နှစ်ပေါင်း(၅၀)အတွင်း တစ်နိုင်ငံလျှင်တစ်ဦးသာ ရွေးချယ်ချီးမြှင့်သော အာဆီယံအမြင့်ဆုံးဆုဖြစ်သည့် နိုင်ငံအလိုက် **ခေတ်အဆက်ဆက်အအောင်မြင်ဆုံးနှင့် ပြည်သူ့အကျိုးပြုဆုံး ထူးချွန်စံပြစီးပွားရေးလုပ်ငန်းရှင်ဆု** (The Legacy Award)ဆုကို ချီးမြှင့်ခံရခြင်း။
- တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ၂၀၂၀ ခုနှစ်၊ ဒီဇင်ဘာလအထိ နိုင်ငံတော်နှင့်ပြည်သူ့အတွက် လူမျိုးမရွေး၊ ဘာသာမရွေး၊ နေရာဒေသမရွေးတွင်စုစုပေါင်း **ကျပ်ငွေ (၁၈၀) ဘီလီယံကျော်** လှူဒါန်းထားခဲ့သော အများဆုံး အလှူရှင်ဖြစ်ခြင်းနှင့်
- ၂၀၂၀ခုနှစ်၊ ဖေဖော်ဝါရီလမှ ယနေ့ထိ အင်းယားစင်တာ အပါအဝင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် မြန်မာပြည်သူပြည်သားများအတွက် Covid-19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များသို့ **ကျပ်ငွေစုစုပေါင်း (၁၁.၂) ဘီလီယံကျော်** လှူဒါန်းထားသော အလှူ့ပုဂ္ဂိုလ်အဖြစ် လေးစားစွာမှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

နိုင်ငံတော်နှင့်ပြည်သူများအတွက် လူမျိုး၊ ဘာသာ၊ နေရာဒေသများစွာအတွက် ဆက်လက် ဆထက်ထမ်းပိုး အကျိုးပြုနိုင်ပါစေကြောင်း လှိုက်လှဲစွာ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဥက္ကဋ္ဌ၊ ဗဟိုအလုပ်အမှုဆောင်များ၊ အမှုဆောင်များနှင့် အသင်းသားများ
မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်များအသင်း
Myanmar Young Entrepreneurs Association

## “အထူးဂုဏ်ယူဝမ်းမြောက်ခြင်း”



မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း(MYEA) ၏
ဒုတိယဥက္ကဋ္ဌဟောင်းနှင့် Alumni Member ဖြစ်သူ
**“သီရိသုဓမ္မမဏိဇောတရေ ဦးဇေယျာသူရမွန်”**
(Chairman & CEO) (RGK+ZNA)အား
၂၀၂၁ခုနှစ်၊ (၇၃) နှစ်မြောက် လွတ်လပ်ရေးနေ့တွင်ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်သမ္မတရုံးအမိန့်ကြော်ငြာစာ အမှတ် ၁/ ၂၀၂၁ဖြင့်
**“အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတရေဘွဲ့တံဆိပ်”**
ကိုထပ်မံ၍အသိအမှတ်ပြုပေးအပ်ချီးမြှင့်ခြင်းခံရသဖြင့် အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါသည်။

နိုင်ငံတော်နှင့်လူမျိုး၊ ဘာသာ၊ သာသနာအကျိုးပြုကဏ္ဍအသီးသီး၌လည်း ဆက်လက်၍
ဆထက်ထမ်းပိုးအကျိုးပြုနိုင်ပါစေကြောင်းလှိုက်လှဲစွာ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

MYEA
ARYEA MSYEA SSYEA



MYEA
မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း (MYEA)
MYANMAR YOUNG ENTREPRENEURS ASSOCIATION
NEWSLETTER
JANUARY - 2021

# MYEA အသင်းဝင်သစ်များအား ဂုဏ်ပြုကြိုဆိုခြင်း

မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း(MYEA) သို့ အသင်းဝင်ခွင့်အား အွန်လိုင်းမှတစ်ဆင့်လျှောက်ထားသူများနှင့် လူကိုယ်တိုင်လာရောက်လျှောက်ထားသူများမှ ဒီဇင်ဘာလအတွင်းတွင် အသင်းဝင်အဖြစ် အသိအမှတ်ပြုခြင်းခံရသည့် အသင်းသူ၊ အသင်းသားသစ်များအား MYEA မှ နွေးထွေးလှိုက်လှဲစွာ ဂုဏ်ပြုကြိုဆိုအပ်ပါသည်။



Name : **Daw Thandar Tun**
Company /Title : WE GUARD Co,. Ltd, Director
Member Type : Executive Member
Business Category : Technology
State/Region : Yangon



Name : **Daw Hsu Myat Nandar**
Company /Title : Mingalar Motor Co., Ltd., Vice MD
Member Type : Service
Business Category : Service
State/Region : Yangon



Name : **U Zayar Min**
Company /Title : Data Focus Co., Ltd, MD
Member Type : Executive Member
Business Category : Technology
State/Region : Yangon



Name : **Daw Khin Lay Nwe**
Company /Title : Ananda D&D, Director
Member Type : Executive Member
Business Category : Service
State/Region : Yangon



Name : **Daw Cho Cho Hlaing**
Company /Title : Ananda D&D, Director
Member Type : Executive Member
Business Category : Service
State/Region : Yangon



Name : **Daw Thiri Hlaing**
Company /Title : Manaw Kyi Phyu Co., ltd./Director
Member Type : Executive Member
Business Category : Technology
State/Region : Yangon



Name : **Daw Khaing Zin Phwe**
Company /Title : SKY Education Institute, MD
Member Type : Executive Member
Business Category : Education and Training
State/Region : Yangon

မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်များအသင်း
Myanmar Young Entrepreneurs Association
ARYEA MSYEA SSYEA

MYEA ၏ MOU အဖွဲ့အစည်းတစ်ခုဖြစ်သည့် BCGE၏ လုံခြုံပျော်ရွှင်လုပ်ငန်းခွင် Campaign အစီအစဉ်တစ်ခုအဖြစ်ပြုလုပ်ခဲ့တဲ့ “Creating Safe and Happy Workplaces for En-trepreneurs” webinar ကို

- Myanmar Women Entrepreneurs Network,
- MYEA - Myanmar Young Entrepreneurs Association,
- Myanmar Women Entrepreneurs’ Association - MWEA တို့နှင့် ပူးပေါင်းစီစဉ်ခဲ့ပါတယ်။

ဒေါ်အေးမြတ်မြတ်သူ (MYEA, Vice President) ရဲ့ လုံခြုံပျော်ရွှင်လုပ်ငန်းခွင် ဖန်တီးဖို့ အားပေးတိုက်တွန်းမှုမျှဝေ အဆိုစကားအား ဖတ်ရှုနိုင်အောင် ပြန်လည်မျှဝေပေးလိုက်ပါတယ်။



ဘေးကင်းလုံခြုံတဲ့ လုပ်ငန်းခွင်
ပတ်ဝန်းကျင်နဲ့ ပိုမိုအောင်မြင်ပြီးမြောက်တဲ့
လုပ်ငန်းခွင်ကို ဖန်တီးဆောင်ရွက်ဖို့
လုပ်ငန်းအဖွဲ့အစည်းတိုင်းက လုပ်ငန်းခွင်
ဆိုင်ရာ ထိပါးနှောင့်ယှက်ခြင်းနဲ့ ခွဲခြား
ဆက်ဆံခြင်း မူဝါဒများ ထားရှိရေးကို
ဦးစားပေးဆောင်ရွက်သင့်ပါတယ်။

**AYE MYAT MYAT THU**
VICE PRESIDENT 1 | MYANMAR YOUNG ENTREPRENEURS ASSOCIATION

လုံခြုံပျော်ရွှင် လုပ်ငန်းခွင်
A Safe Workplace is a Happy Workplace
16 DAYS OF ACTIVISM AGAINST GENDER-BASED VIOLENCE
NOVEMBER 25 - DECEMBER 10

BUSINESS COALITION FOR GENDER EQUALITY
MYEA

# ENTREPRENEURS EXCLUSIVE INTERVIEW

**ဦးကျော်ဇေယျ (ခ) ကိုဂျစ်**
Founder & Group CEO
MANDALAY COMMUNICATION GROUP
Co-Chair (PR Committee-MYEA)

**မေး ● ပထမဆုံးမေးခွန်းအနေနဲ့ လက်ရှိလုပ်ကိုင်နေတဲ့ စီးပွားရေးလုပ်ငန်းအကြောင်း မိတ်ဆက်ပေးပါဦး။**

ဖြေ ● ကျွန်တော်က လက်ရှိမှာတော့ Mandalay Communication Group ရဲ့ Founder နဲ့ Group CEO အဖြစ် တာဝန်ယူပြီး လုပ်ငန်းကို ဦးဆောင်နေပါတယ်။ Mandalay Communication Group က ကတော့ ကြော်ငြာမီဒီယာလုပ်ငန်းနဲ့ဆက်စပ်နေတဲ့ ဝန်ဆောင်မှုကဏ္ဍမှာ ထိပ်တန်းရပ်တည်နေပြီး သမားရိုးကျကြော်ငြာလုပ်ငန်း(traditional media) နဲ့ ဒီဂျစ်တယ်မီဒီယာတွေမှာ နည်းဗျူဟာကျကျကြော်ငြာခြင်း (media planning)၊ ကြော်ငြာနည်းဗျူဟာတွေကို အစီအစဉ်ချမှတ်ရေးဆွဲပေးခြင်း (strategy)၊ ကြော်ငြာဒီဇိုင်း၊ ရုပ်သံ၊ စာသားစတာတွေကို ထူးခြားပြောင်မြောက်ပြီး ဆန်းသစ်တဲ့အတွေးခေါ် တွေနဲ့စားသုံးသူ၊ ကြည့်ရှုသူစိတ်ဝင်စားလာအောင်ဖန်တီးပေးခြင်း (creative) နဲ့ လူထုဆက်ဆံရေးကဏ္ဍ (public relations) စတဲ့အပိုင်းတွေမှာ ကျွမ်းကျင်ပညာရှင်တွေနဲ့အတူ လက်တွဲ လုပ်ကိုင်နေပါတယ်။

**မေး ● ယခုစီးပွားရေးလုပ်ငန်းလုပ်ကိုင်ဖို့ ဘယ်လို Idea နဲ့ စတင်ခဲ့ပါသလဲ?**

ဖြေ ● မီဒီယာနဲ့ ကြော်ငြာလုပ်ငန်းထဲကို ၁၉၉၅ ခုနှစ်၊ ကျွန်တော် (၁၀) တန်းဖြေပြီးတဲ့ အချိန်မှာ စတင်ဝင်ရောက်ခဲ့တာဖြစ်ပြီး၊ အခုဆိုရင်တော့ ဒီလောကထဲမှာ ကျွန်တော့အနေနဲ့ လျှောက်လှမ်းခဲ့တဲ့ မိုင်တိုင်ကတော့ (၂၅) နှစ် ရှိပါပြီ။ ကိုယ်တိုင်ကလည်း ရုပ်သံ အစီအစဉ်၊ ကြော်ငြာတွေကို စိတ်ကူးစိတ်သန်းကောင်းကောင်းနဲ့ဖန်တီးလုပ်ယူရတာကို သဘောကျတဲ့အတွက် ကိုယ်ဝါသနာပါတဲ့ ဒီလုပ်ငန်းကိုပဲ တစ်စိုက်မတ်မတ်လုပ်ဖို့ အသွေးထဲအသားထဲက ယုံကြည်ပြီး စိတ်ကူးပုံဖော်ခဲ့တာပါ။ ဥပမာ - ကုန်ပစ္စည်း အမှတ်တံဆိပ်တစ်ခု အောင်မြင်ဖို့၊ ဈေးကွက်အတွင်း ထိုးဖောက်နိုင်ဖို့အတွက် ဘယ်လိုဖန်တီးမှုမျိုး၊ ဘယ်လိုနည်းဗျူဟာမျိုး၊ ဘယ်လိုသတင်းအချက်အလက်မျိုးတွေပေးပြီး စားသုံးသူတွေ၊ သုံးစွဲသူတွေရဲ့စိတ်ကိုဖမ်းစားနိုင်မယ့် နည်းလမ်းတွေကို အကောင်အထည်ဖော်ရတာ စိတ်ဝင်စားပြီး ကျွန်တော်ကိုယ်တိုင်က နှစ်နှစ်ကာကာ သဘောကျတဲ့ လုပ်ငန်းလည်းဖြစ်တဲ့အတွက် ဝါသနာအရင်းခံပြီး တည်ထောင်ခဲ့တာပါ။

**မေး ● လုပ်ငန်းရဲ့ဆောင်ပုဒ်နဲ့ ဦးတည်ချက်တွေကိုလည်း သိပါရစေ။**

ဖြေ ● "Grow Up With Us" ပါ။ ရှေ့ဆက်ဦးတည်တာကတော့ မီဒီယာနဲ့ ကြော်ငြာလုပ်ငန်း (media & advertising) ကို ပြည်တွင်းမှာအပြင် အရှေ့တောင်အာရှဈေးကွက်အထိပါ ထိုးဖောက်နိုင်ပြီးတော့ လုပ်ဆောင်မယ်။ ဒါ့အပြင် မြန်မာနိုင်ငံအတွင်း ဝင်လာမယ့် ကုမ္ပဏီတွေအတွက်လည်း ကမ္ဘာ့အဆင့်မီတဲ့ဝန်ဆောင်မှုတွေနဲ့၊ မြန်မာပြည်ဈေးကွက်နဲ့ လိုက်လျောညီထွေမှုရှိတဲ့ကြော်ငြာတွေ၊ ကောင်းမွန်ပြီးလေးနက်တဲ့အတွေးအခေါ်နဲ့ သတင်းအချက်အလက်တွေကို ပေးနိုင်တဲ့၊ ရင်ထဲထိတဲ့ကြော်ငြာတွေကို ဖန်တီးသွားပြီး ကမ္ဘာကိုချပြနိုင်တဲ့အထိ၊ တင်ပြနိုင်တဲ့အထိ၊ ကျွန်တော်တို့တွေနဲ့ လက်တွဲလုပ်ဆောင်နေတဲ့ ကုမ္ပဏီတွေနဲ့ အတူရှေ့ဆက်သွားဖို့ရည်မှန်းထားပါတယ်။ ဒါ့အပြင် တခြားနိုင်ငံတွေနဲ့ ယှဉ်ကြည့်လိုက်ရင် ပိုပြီးတော့ စိန်ခေါ်မှုများနေသေးတဲ့၊ အသစ်ဖြစ်နေသေးတဲ့ လူထုဆက်ဆံရေး (public relations) ကဏ္ဍကိုလည်း ပိုပြီးတိုးချဲ့လုပ်ဆောင်သွားဖို့ ရှိပါတယ်။



**မေး ● ယှဉ်ပြိုင်မှုတွေများလာတဲ့ခေတ်မှာ လုပ်ငန်းရေရှည်ရပ်တည်နိုင်ဖို့အတွက် ဘယ်လိုနည်းဗျူဟာကျကျ စီမံအုပ်ချုပ်ခဲ့ပါသလဲ?**

ဖြေ ● Mandalay Advertising အမည်နဲ့ ကြော်ငြာလုပ်ငန်းကို ၂၀၀၉ ခုနှစ်ကစတင်ခဲ့ပြီး အခု ၂၀၂၁ ခုနှစ်ထဲမှာ ဆိုရင်တော့ ကျွန်တော်တို့ Mandalay Communication Group ဟာ ၁၂ နှစ်ထဲကို ရောက်နေပါပြီ။ ယှဉ်ပြိုင်မှုတွေများလာတဲ့အပေါ်မှာတော့ ကောင်းတာနဲ့ ဆိုးတာဆိုပြီး နှစ်ပိုင်းမြင်မိပါတယ်။ ကောင်းတဲ့ဘက်ကတွေးရင်တော့ ကျွန်တော့်အနေနဲ့ သဘောကျတာက ကိုယ့်ရဲ့ မိတ်ဖက်ကုမ္ပဏီတွေ (clients) က ယုံကြည်စိတ်ချစွာအပ်နှံလာတဲ့ အလုပ်တွေအပေါ်မှာ ပေါ့ဆမှုမရှိဘဲ လေးလေးနက်နက်ထားပြီး ဝန်ဆောင်မှုတွေပေးဖြစ်တယ်။ ရှေ့ဆက်ဖို့အတွက်ပိုပြီး အောင်မြင်အောင်အခြားဆက်နွယ်တဲ့လုပ်ငန်းတွေကို ဘယ်လိုဆက်လုပ်မလဲအမြဲ စဉ်းစားဖြစ်နေတယ် ။

ဆိုးတယ်ပြောရမှာတွေကတော့ ပြိုင်ဘက်လုပ်ငန်းတွေများလာချိန်မှာ ပရောဂျက်တွေ များများပိုရအောင် ဒုတိယတန်းစားလုပ်ငန်းအဖြစ်နဲ့ ဈေးလျှော့ရင်း၊ လျှော့ရင်းနဲ့ ကိုယ့်အတွက် ဘာမှမကျန်တော့တာမျိုး မဖြစ်အောင်တော့ သတိထားသင့်ပါတယ်။ မနေ့ကထက် ဒီနေ့ ပိုကောင်းတဲ့ ဝန်ဆောင်မှုတွေကို ကိုယ့်နဲ့ လက်တွဲလုပ်ကိုင်နေတဲ့ ကုမ္ပဏီတွေ စိတ်တိုင်းကျအောင် အမြဲလုပ်ဆောင်ပေးခဲ့ပါတယ်။ အေဂျင်စီ ဖြစ်ပေမယ့် ကိုယ့်ဆီလာအပ်တဲ့ ကုန်အမှတ်တံဆိပ်တစ်ခု၊ ပရောဂျက်တစ်ခုချင်းစီကို ကိုယ်ပိုင်တဲ့ကိုယ့်ရဲ့ကုန်ပစ္စည်း အမှတ်တံဆိပ်၊ လုပ်ငန်းလိုမျိုး အမြဲသေသေချာချာစဉ်းစားပြီး အမြဲ ဂရုတစ်စိုက်ဝန်ဆောင်မှုတွေ ပေးခဲ့ပါတယ်။

နောက်တစ်ခုကတော့ မြန်မာပြည်ဈေးကွက်နဲ့ လိုက်လျောညီထွေမှုရှိတဲ့ ကြော်ငြာနည်းလမ်း၊ အတွေးခေါ် တွေ၊ နည်းဗျူဟာတွေ၊ ကိုယ်ဦးတည်တဲ့အုပ်စု၊ အသက်အရွယ် အပိုင်းအခြား၊ ဓနအင်အား၊ နေရာဒေသစတာတွေအပေါ်မှာ မူတည်ပြီးတော့ ကိုယ့်ကို ယုံယုံကြည်ကြည်နဲ့ လာအပ်ထားတဲ့ ကုန်အမှတ်တံဆိပ်တစ်ခု၊ ပရောဂျက်တခု အောင်မြင်အောင် ဘယ်လိုထိုးဖောက်မလဲ၊ လုပ်ကိုင်ကြမလဲစတဲ့ အကြောင်းအရာတွေအထိကို အသေးစိတ်လေ့လာပြီး ဝန်ဆောင်မှုတွေပေးပါတယ်။ အေဂျင်စီလုပ်ငန်းဆိုတာဟာ အထူးကုဆေးရုံတစ်ခုလိုပါပဲ။ အထူးကုဆေးရုံဟာ လူနာတစ်ယောက်ရဲ့ အခြေအနေအပေါ် မူတည်ပြီး အစစအရာရာ အသေးစိတ် ဂရုစိုက်ပေးသလို ကြော်ငြာလုပ်ငန်းအေဂျင်စီဆိုတာလည်း ကိုယ့်ကိုအလုပ်လာအပ်တဲ့ ကုမ္ပဏီရဲ့ ကုန်အမှတ်တံဆိပ်ရဲ့ ဦးတည်ချက်၊ ရည်မှန်းချက်နဲ့ကုန်ပစ္စည်းရဲ့ သဘောသဘာဝတစ်ခုချင်းစီအပေါ် မှာမူတည်ပြီး လိုက်လျောညီထွေမှုရှိတဲ့၊ ထိရောက်တဲ့ ကြော်ငြာနည်းဗျူဟာတွေ၊ ဝန်ဆောင်မှုတွေကို အမြဲလုပ်ဆောင်ပေးနေရတာပါ။

**မေး ● မိမိလုပ်ငန်းနဲ့ပတ်သက်ပြီး ပြည်တွင်း၊ ပြည်ပ ဈေးကွက် အခြေအနေကို သိပါရစေ။**

ဖြေ ● အခုဆိုရင်တော့ အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ ထိုင်းနိုင်ငံက တစ်ချို့ကုမ္ပဏီတွေ ပြည်တွင်းကို ဝင်ရောက်လိုတဲ့အခါမှာ ကြော်ငြာဖန်တီးမှုကောင်းကောင်းနဲ့၊ နိုင်ငံတကာ အဆင့်မီတဲ့ ကြော်ငြာ နည်းဗျူဟာတွေကို သင့်တော်တဲ့တန်ဖိုးနဲ့ ဝန်ဆောင်မှုပေးနိုင်ဖို့အတွက် ဘန်ကောက်မြို့မှာ ရုံးခွဲပုံစံလေး တစ်ခု လုပ်ထားပါတယ်။ ကြော်ငြာလုပ်ငန်း ဆိုတာဟာ ကမ္ဘာ တည်သရွေ့တည်တံ့နေနိုင်ပါတယ်။ ဥပမာ - လူပျောက်ကြော်ငြာ၊ မီးသတိပြု ကြော်ငြာ၊ အဆောင်ငှားရန်ကြော်ငြာ စတာတွေကလည်း လူတိုင်း မြင်ဖူးကြားဖူးတဲ့ ရိုးစင်းတဲ့ အခြေခံကြော်ငြာတွေပါပဲ။ ဒါကြောင့် ကြော်ငြာအေဂျင်စီတွေကလည်း ရှိကို ရှိနေမှာပါ။ အခုလို ပြောင်းလဲတဲ့ခေတ်ကြီးမှာ ဘယ်လိုပုံစံနဲ့ ထိုးဖောက်ကြော်ငြာမလဲ၊ ဘယ်လောက်ထိ တီထွင်ဆန်းသစ်နိုင်မှုရှိသလဲ၊ စတဲ့ အချက်တွေက အခုလို မြန်မြန်နဲ့ တိုးတက်နေတဲ့ခေတ်ကြီးမှာ ကြော်ငြာလုပ်ငန်းကုမ္ပဏီတစ်ခုအနေနဲ့ ဘယ်လို အသက်ဆက်မလဲ၊ ဘယ်လို လုပ်ငန်းချဲ့ထွင်မလဲဆိုတဲ့ အချက်အတွေအပေါ် သက်ရောက်မှု ရှိတဲ့အတွက် ပြည်ပဈေးကွက်ကိုပါ ရှေ့ဆက်လှမ်းပြီး လုပ်ငန်းကိုဒီထက် ပိုမိုအောင်မြင်အောင် တိုးချဲ့လုပ်ဆောင်နေပါပြီ။ တကယ်ရည်မှန်းထားခဲ့တာတွေနဲ့ဆိုရင်တော့ နိုင်ငံတကာမှာ အခုလိုကိုယ်ပိုင်ရုံးခွဲဖွင့်လှစ်နိုင်တယ်ဆိုတာဟာ နည်းနည်းတောင် နောက်ကျနေပါသေးတယ်။

**မေး ● လက်ရှိ Covid-19 ကာလမှာ လုပ်ငန်းခွင်အတွင်း ပြောင်းလဲခဲ့ရတဲ့ ပုံစံနဲ့ အခက်အခဲတွေ စိန်ခေါ်မှုတွေ ရှိရင် ပြောပြပေးပါဦး။**

ဖြေ ● အခက်အခဲကတော့ မျှော်မှန်းထားတဲ့အခက်အခဲနဲ့ မမျှော်မှန်းထားတဲ့အခက်အခဲ နှစ်မျိုးရှိတာပေါ့။ ပထမလှိုင်းစဖြစ်တဲ့အချိန်မှာကတည်းက ဧဧ တုန်းကအခြေအနေနဲ့ပုံစံတော့လုံးဝမတူပေမယ့် နည်းနည်းခပ်ဆင်ဆင်ဖြစ်နေတာက ကျောင်းတွေပိတ်၊ ရုံးတွေပိတ်၊ အိမ်ထဲမှာပဲနေရပြီး ဘာအလုပ်မှ သေချာမလုပ်နိုင်တဲ့အချိန်ဖြစ်ခဲ့ပါတယ်။ ဒါပေမယ့် ၈၉ ခုနှစ်၊ ပြန်ပြီးတည်ငြိမ်သွားချိန်မှာတော့ အချို့က အခက်အခဲကြားမှာ အခွင့်အလမ်းသစ်တွေရှာဖွေပြီး အောင်မြင်သွားတဲ့သူတွေ၊ ချမ်းသာသွားသူတွေ ၊ နောက်ပြီး တစ်ချို့ (၈) တန်းကျောင်းသားတွေဆိုလည်း (၁၀) တန်းစာထိစာတွေကြိုသင်ထားပြီး လေ့လာမှုတွေစဉ်ဆက်မပြတ်လုပ်ခဲ့ကြတာတွေ ရှိခဲ့သလိုမျိုး ဒါကြောင့် အခုလို ကိုဗစ်ကာလမှာ မိမိကျန်းမာ

ရေးအပြင်၊ မိမိဘဝတက်လမ်းအတွက် အမြဲပြင်ဆင်ဖို့နဲ့ နောက်တစ်ဆင့်ကို ထပ်ပြီးတက်လှမ်းနိုင်ဖို့ ပိုပြီးကြိုးစားဖို့အရေးကြီးကြောင်း ကိုယ်ကိုယ်တိုင်ကိုရော၊ ဝန်ထမ်းတွေကိုရော၊ အမြဲပြောဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ဝန်ထမ်းတွေအနေနဲ့ အိမ်ကနေ အလုပ်လုပ်နေရတဲ့အချိန်မှာ သူတို့အတွက် ကျန်းမာရေး၊ စားရေး၊ သောက်ရေးအတွက် တတ်နိုင်တဲ့ဘက်က ထောက်ပံ့ပေးခဲ့တာတွေလည်း ရှိခဲ့ပါတယ်။

**မေး ● ယခုလို Covid-19 ကာလရဲ့ New Normal မှာ အကြံဉာဏ်သစ်တွေနဲ့ ကြိုးစားကြည့်ခဲ့တဲ့ လုပ်ငန်းသစ်တွေရှိရင် ပြောပြပေးပါ။**

ဖြေ ● လုပ်ငန်းသစ် သုံး၊ လေးခု လုပ်ဖြစ်ခဲ့တာထဲကမှ လူသိများပြီးလမ်းကြောင်းပေါ်ရောက်နေတဲ့ နှစ်ခုကတော့ Media 7 နဲ့ ပူးပေါင်းပြီး King 7 Dynasty Production လုပ်ငန်းကို ထူထောင်နိုင်ခဲ့သလို "ပါလေရာ-Par Lay Yar စားသောက်ကုန်"ကိုလည်း ထုတ်လုပ်ဖြန့်ဖြူးနိုင်ခဲ့ပါတယ်။ အခုလို New Normal လို့ပြောနေကြတဲ့ အသစ်ပြောင်းလဲလာတဲ့ လူမှုဘဝပုံစံထဲမှာလည်း ပိုပြီး လိုက်လျောညီထွေဖြစ်မယ့် လုပ်ငန်းတွေကို ချဲ့ထွင်ဖြစ်သလို၊ လက်ရှိ လုပ်ဆောင်နေတဲ့လုပ်ငန်းတွေကိုလည်း ဆက်လက်လည်ပတ်နိုင်ဖို့ သက်ဆိုင်ရာပညာရှင်တွေနဲ့ လက်တွဲလုပ်ဆောင်ခဲ့ပါတယ်။ ပြီးတော့ မိတ်ဖက် ကုမ္ပဏီတွေ၊ လုပ်ငန်းနယ်ပယ်က ပညာရှင်တွေနဲ့လည်း အဆက်အသွယ်လုံးဝမပြတ်ခဲ့ဘဲ လိုအပ်ချက်တွေ၊ ဖြည့်ဆည်းမှုတွေ ဆက်တိုက်လုပ်ပေးခဲ့တဲ့အတွက် ထူးခြားတာက ဒီနှစ် ၂၀၂၀ ရဲ့ မီဒီယာအသုံးစရိတ်ဟာ ၂၀၁၉ ထက်ကို ပိုပြီးမြင့်တက်ခဲ့ပါတယ်။

ဘာကြောင့်လဲဆိုတော့ အခုလို အသစ်ပြောင်းလဲလာတဲ့ လူမှုဘဝပုံစံအရ စားသုံးသူ၊ သုံးစွဲသူတွေရဲ့ နည်းပညာသုံးစွဲမှု၊ မီဒီယာတွေကို ကြည့်ရှုမှုနှုန်းဟာ အရင်ကထက်ပိုပြီး တိုးတက်လာတာကြောင့် ကြော်ငြာလုပ်ငန်းကဏ္ဍဟာ အရင်ကထက်ပိုပြီး ထူးခြားတဲ့၊ ဆန်းသစ်တဲ့ နည်းလမ်းတွေနဲ့ ပိုပြီးကြော်ငြာလာရတာကြောင့်ပါ။ ဒီလို အသုံးစရိတ်တက်လာတာဟာ ကြော်ငြာလုပ်ငန်းရဲ့ အရေးပါပုံကို မီးမောင်းထိုး ပြနေတာပဲဖြစ်ပါတယ်။

**မေး ● အသင်းကို ဝင်ရောက်ဖြစ်ခဲ့ပုံနဲ့ လက်ရှိတာဝန်ယူပေးနေတာတွေကို ပြောပြပေးပါ။**

ဖြေ ● ဝင်ရောက်ဖြစ်ခဲ့တာကတော့ လူငယ်စွန့်ဦးတီထွင်ဆိုတဲ့ ခေါင်းစဉ်ကို ကိုယ်တိုင်သဘောကျစိတ်ဝင်စားခဲ့တာကြောင့် အသင်းဝင်တစ်ဦးအနေနဲ့ပဲ ဝင်ရောက်ခဲ့ပါတယ်။ ၂၀၁၉ မှာတော့ မိတ်ဆွေတွေဖြစ်တဲ့ မဇာဇာဌေး၊ ကိုထက်ဖုံလင်းတို့ရဲ့ အကြံပေးခြင်းကြောင့် EC အဖြစ်အရွေးချယ်ခံခဲ့ရသလို လက်ရှိမှာတော့ PR Committee ရဲ့ တွဲဖက်ဥက္ကဋ္ဌအနေနဲ့ တာဝန်ယူဆောင်ရွက်နေပါတယ်။ ပညာဆိုတာဟာ သင်ယူလေ့လာလို့ မကုန်တဲ့အတွက် မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းကနေ ဘာတွေများထပ်မံပြီး လေ့လာသင်ယူခွင့်ရမလဲ၊ လုပ်ငန်းဆိုင်ရာ အဆက်အသွယ်တွေကနေတဆင့် ကိုယ်တိုင်ရော၊ လက်တွဲလုပ်ဆောင်မှုတွေစတဲ့ လုပ်ငန်းဖွံ့ဖြိုးတိုးတက်ဖို့ အခွင့်အလမ်းအပြင်၊ ဒီအဖွဲ့အစည်းကနေတစ်ဆင့် ကိုယ်ကရော ဒီလုပ်ငန်းနယ်ပယ်အသီးအသီးမှာ ဘာတွေပြန်ပြီး ဝေမျှခွင့်ရမလဲဆိုတဲ့ အချက်တွေကြောင့် ဒီအဖွဲ့အစည်းကြီးထဲ ဝင်ရောက်ဖြစ်တာပါ။ ပြီးတော့ မြန်မာနိုင်ငံကို ကိုယ်စားပြုနေတဲ့ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်တွေအနေနဲ့လည်း ကမ္ဘာကိုဘယ်လိုထွက်ပြီး ပြသ နိုင်မလဲ၊ ဘယ်လောက်ထိ တီထွင်ကြံဆမှုအားကောင်းသလဲစတာတွေ အပြင်၊ ထူးခြားဆန်းသစ်မှုတွေကို ချပြနိုင်ဖို့အတွက်အသင်းထဲကို ဝင်ရောက်ခဲ့တာလည်း ဖြစ်ပါတယ်။

**မေး ● Public Relations Skill ဟာ လုပ်ငန်းရှင်တွေအတွက် ဘယ်လောက်ထိအရေးပါလဲ၊ PR Skill ကောင်းအောင် ဘယ်လိုတည်ဆောက်သင့်ပါသလဲ?**

ဖြေ ● လူထုဆက်ဆံရေး ကျွမ်းကျင်မှု (Public Relations Skill) ဟာ လူတိုင်းအတွက်အရေးပါ ပါတယ်။ လုပ်ငန်းရှင်မှမဟုတ်ပါဘူး၊ နိုင်ငံတော်အကြီးအကဲတွေ၊ အစိုးရတစ်ရပ်လုံးအပြင်၊ အဖွဲ့အစည်းတွေ၊ အနုပညာရှင်တွေ၊ အသိပညာရှင်၊ အတတ်ပညာရှင်တွေအပြင် နိုင်ငံသားတစ်ဦးတစ်ယောက်ခြင်းစီအတွက်၊ မြန်မာနိုင်ငံကြီးတစ်ခုလုံးအတွက် အလွန်ကိုအရေးကြီးပါတယ်။ လူထုဆက်ဆံရေး ကျွမ်းကျင်မှုအဆင့်ပိုကောင်းလာတာနဲ့အမျှ ကိုယ့်အပေါ်၊ ကိုယ့် ကုမ္ပဏီအပေါ်၊ ကိုယ့်ဒေသအပေါ်၊ ကိုယ့်နိုင်ငံအပေါ် လူတွေမြင်တဲ့ အမြင်ဟာ အပေါင်းလက္ခဏာဆောင်တဲ့ အမြင်တွေရရှိလာပြီး၊ ယုံကြည်မှု၊ နှစ်သက်သဘောကျမှု၊ လေးစားမှုစတဲ့ အရာတွေကစလို့စီးပွားရေးအရ လက်တွဲတာ၊ ရင်းနှီးမြှုပ်နှံတာတွေအထိ အကျိုးသက်ရောက်နိုင်ပြီး ဒီလိုမျိုး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ကိစ္စရပ်တွေအပေါ် မှာကောင်းတဲ့ သက်ရောက်မှုတွေ ရှိလာနိုင်လို့ နိုင်ငံကြီးက ပိုမိုတိုးတက်လာနိုင်ပါတယ်။

လူထုဆက်ဆံရေး လုပ်ငန်းစဉ်ဟာ တစ်ဖက်သားအနေနဲ့ ကိုယ့်အပေါ်မှာ ကောင်းမွန်တဲ့ အမြင်ကို ရရှိဖို့အတွက် ကိုယ်ကပေးချင်တဲ့ မှန်ကန်တဲ့ သတင်းအချက်အလက်တွေကို ပေးတာပဲဖြစ်ပါတယ်။ ဒါဟာ ပိုမိုကောင်း မွန်တဲ့၊ တိုးတက်တဲ့အနာဂတ်တစ်ခုကို ပုံဖော်ဖို့အတွက် ထိရောက်တဲ့လက်နက်တစ်ခုလို့တောင် ပြောလို့ရပါတယ်။ လူတိုင်းမဟုတ်ရင်တောင် မှ NGO, NPO နဲ့အခြားလုပ်ငန်းအဖွဲ့အစည်းတွေက လူထုဆက်ဆံရေး (PR)ကို အရေးကြီးတဲ့ကဏ္ဍအနေနဲ့လက်ခံထားပြီး တည်ဆောက်သင့်တယ်လို့ ထင်မြင်ပါတယ်။





**မေး ● လုပ်ငန်းရှင်တစ်ဦးအနေနဲ့ MYEA အသင်းကို ဝင်ရောက်လာတဲ့အချိန်မှာ မိမိရဲ့ စီးပွားရေး၊ လူမှုရေးစတဲ့အရာတွေကို အသင်းက ဘယ်လိုအထောက်အကူပြုတာတွေ ဖြစ်စေခဲ့ပါသလဲ။**

ဖြေ ● အသင်းကိုဝင်ရောက်ပြီးနောက်ပိုင်းမှာတော့ လုပ်ငန်းရှင်တိုင်းအတွက် အဓိကဖြစ်တဲ့လုပ်ငန်းအဆက်အသွယ်တွေ အများကြီးကို တိုးပွားလာပါတယ်။ လုပ်ငန်းရှင်အသင်းဝင် အချင်းချင်းဆုံတွေ့ချိန်တွေမှာရော၊ အပြန်အလှန်ဆွေးနွေးပြောကြားချိန်တွေမှာပါ မတူညီတဲ့လုပ်ငန်းအတွေ့အကြုံတွေ အများကြီးရလာပါတယ်။ MYEA အသင်းကို ဝင်ရောက်ဖို့နီးစပ်ရာ တိုက်တွန်းဖြစ်တာကတော့ ကျွန်တော်တို့အနေနဲ့ အခုခေတ်စားနေတဲ့ စီးပွားစီမံခန့်ခွဲမှုအတတ်ပညာ(MBA) ကို အခမဲ့တက်နေရသလိုပါပဲလို့ အမြဲပြောဖြစ်ပါတယ်။ အဖွဲ့အစည်းတွေ၊ အခြားပြင်ပနဲ့မတူညီတဲ့အသင်းရဲ့ အားသာချက်တွေဖြစ်တဲ့ အစိုးရနဲ့ဆက်နွယ်လုပ်ကိုင်ပုံ လုပ်ထုံးလုပ်နည်းတွေ၊ သတင်းအချက်အလက်တွေ၊ သင်တန်းတက်ရောက်ခွင့်တွေ၊ နိုင်ငံရပ်ခြားသွားရောက်လေ့လာခွင့်တွေအပြင် အခြားထောက်ပံ့ပေးမှုတွေလည်းရရှိခဲ့ပါတယ်။

**မေး ● နောက်ဆုံးမေးခွန်းကတော့ လူငယ်လုပ်ငန်းရှင်တစ်ဦးအနေနဲ့ အသင်းထဲမှ အသင်းဝင်တွေကို လုပ်ငန်းအောင်မြင်တိုးတက်ဖို့ရန် အကြံပေးစကား မျှဝေပြောပြပေးပါ။**

ဖြေ ● အသင်းအဖွဲ့မှာပဲဖြစ်ဖြစ်၊ လုပ်ငန်းခွင်ထဲမှာပဲဖြစ်ဖြစ် အလုပ်လုပ်တိုင်းမှာစိတ်ဝင်တစားနဲ့ စေတနာထည့်ပြီး လုပ်ကိုင်ဖို့အရေးကြီးပါတယ်။ မိမိကရယူလိုတာကိုအရင် မေးတာထက် ကိုယ့်ဘက်က ဘာပြန်လုပ်ပေးနိုင်မလဲဆိုတာကို အရင်စဉ်းစားစေချင်ပါတယ်။ ကိုယ့်ဘက်က လုပ်ပေးနိုင်တာကို အပြည့်အဝလုပ်ကိုင်ပေးရင် ပိုမိုအောင်မြင်တိုးတက်နိုင်ပါတယ်။ အသင်းနဲ့ပတ်သက်ပြီး ပြောလိုတာကတော့ အသင်းထဲမှာပူးပေါင်းဆောင်ရွက်နေကြတဲ့အချိန်မှာ လုပ်ငန်းနယ်ပယ်စုံကဖြစ်တဲ့အတွက် ညှိနှိုင်းဆောင်ရွက်မှုတွေ ပိုမိုလုပ်ဆောင်တတ်လာပါလိမ့်မယ်။ ကိုယ်က အသင်းဝင်ဖြစ်နေရုံနဲ့ ရပ်တန့်မနေဘဲ အခွင့်အလမ်းရှိရင် ကိုယ်ကျွမ်းကျင်ပိုင်နိုင်တဲ့ နယ်ပယ်ကနေ အသင်းအတွက် တစ်ထောင့်တစ်နေရာက ဝင်ရောက်ကူညီပြီး တက်တက်ကြွကြွပါဝင်လုပ်ဆောင်စေချင်ပါတယ်။ နောက်ဆုံးအနေနဲ့ အသင်းကြီးကို အကြံပြုချင်တာက အသင်းဝင်လူငယ်လုပ်ငန်းရှင်တွေအတွက် အားကိုးအားထားပြုရတဲ့အသင်းကြီးတစ်ခုဖြစ်အောင်လည်း လုပ်ဆောင်ပေးစေလိုပါတယ်။

❑ ❑ ❑

မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း (MYEA) ၏ အသင်းရုံးခန်းအား Covid-19 ရောဂါကူးစက်ပြန့်ပွားခြင်း(ဒုတိယလှိုင်း)မှကာကွယ်ရန် ယာယီပိတ်ထားခဲ့ရာမှ ယခုအခါ (၅.၁.၂၀၂၁) အင်္ဂါနေ့မှစတင်၍ ဝန်ထမ်းများ အလှည့်ကျရုံးတက်စနစ်ဖြင့် အသင်းရုံးပြန်လည်ဖွင့်လှစ်ကာ ပုံမှန်လုပ်ငန်းစဉ်များ ဆောင်ရွက်ပေးလျက်ရှိပါကြောင်းအသိပေးကြေညာအပ်ပါသည်။

Hot Line:09765000649, 09765000719, 09765000639

Email:office@myea.org.mm

မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း(#MYEA)



# Digital Journey ခေါင်းစဉ်ဖြင့် အွန်လိုင်းဆွေးနွေးပွဲများ ကျင်းပ







ရန်ကုန်တိုင်းဒေသကြီး လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း (YRYEA) မှ အသင်းသားများအတွက် ဗဟုသုတများရရှိစေရန်အတွက် အမျိုးမျိုးသော အွန်လိုင်းဆွေးနွေးပွဲများကို အဆက်မပြတ်စီစဉ်တင်ဆက်လျှက်ရှိရာ Digital Journey ခေါင်းစဉ်ဖြင့် အွန်လိုင်းဆွေးနွေးပွဲများကို EDMC ကော်မတီမှဦးစီးကာ ၂၀၂၀ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်နေ့နှင့် ၂၃ ရက်နေ့တို့တွင် ကျင်းပခဲ့ကြပါသည်။

ဒီဇင်ဘာ၂ ရက်နေ့တွင် ကျင်းပသည့် Digital Journey ဆွေးနွေးပွဲတွင် Blue Ocean Investment, Blue Ocean Operation Management တို့၏ Chairman နှင့် Group CEO ဖြစ်သူ ဦးထွန်းထွန်းနိုင်နှင့်အတူ Dagon Group of Companies ၏ CEO ဖြစ်ပြီး YRYEA ၏ ဒုဥက္ကဋ္ဌဖြစ်သူ ဦးသူရိန်အောင်တို့မှ လုပ်ငန်းအတွေ့အကြုံများနှင့်အတူ ဒစ်ဂျစ်တယ်ကူးပြောင်းခြင်း ခရီးစဉ်အတွက် ဆွေးနွေးပေးခဲ့ကြပါသည်။ ဒီဇင်ဘာလ ၂၃ ရက်နေ့တွင်ကျင်းပသည့် အွန်လိုင်းဆွေးနွေးပွဲတွင် Proven Group of Companies ၏ CEO ဖြစ်ပြီး YRYEA ၏ ဥက္ကဋ္ဌဖြစ်သူ ဦးသန်းထိုင်လွင်နှင့်အတူ April Myanmar Co., Ltd မှ Managing Director ဖြစ်သူ ဒေါ်ဖြူဖြူမြင့်နိုင်တို့မှ Digitalပြောင်းလဲရေးလုပ်ဆောင်နေစဉ်တွင် တွေ့ကြုံနေရသောအခက်အခဲများနှင့် အတွေ့အကြုံများကို ပွင့်လင်းစွာဆွေးနွေးခဲ့ကြပါသည်။

# Let’s Shake with YRYEA

ကိုဗစ်ကာလအတွင်း စိတ်ဖိစီးမှုများလျော့ပါးစေရန်နှင့် လန်းဆန်းတက်ကြွစေရန် ရည်ရွယ်လျှက် YRYEA ၏ PR Committee မှ Let’s Shake – Zumba Dance with YRYEA ကို ကျင်းပခဲ့ပါသည်။ Zumba လေ့ကျင့်ခန်းကို ၁၅ မိနစ်ခန့်ကစားခြင်းဖြင့် ကယ်လိုရီ ၂၀၀ မှ ၂၅၀ အထိ လောင်ကျွမ်းနိုင်တဲ့အတွက် အသင်းဝင်များအတွက် စိတ်ပေ့ါပါးလန်းဆန်းစေသော လေ့ကျင့်ခန်းတစ်ခုဖြစ်ပါသည်။ Let’s Shake-Zumba Dance with YRYEA ကို ၂၀၂၀ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ညနေ ၆ နာရီမှ ၇ နာရီအထိ ၁ နာရီမျှ အွန်လိုင်းတွင် ပျော်ရွှင်စွာအားဖြည့်ကူညီပြီး သရုပ်ပြပေးခဲ့သူမှာ Infinity Gym မှ Michelle Vo (Group Fitness Manager) ဖြစ်ပြီး အသင်းသူအသင်းသားများ ပျော်ရွှင်စွာပါဝင်ဆင်နွှဲခဲ့ကြပါသည်။

